
ပျောက်ဆုံးခြင်းရဲ့နောက်ကွယ်
အောင်ဒေါင်းဏီ

# " ပျောက်ဆုံးခြင်းရဲ့ နောက်ကွယ် " (ဖြစ်ရပ်မှန်)

နှစ်ထောင့် ကိုးခုနှစ်လောက်က ဖြစ်ရပ်မှန် ဇာတ်လမ်းလေးအား ဝတ္ထုတိုအဖြစ် ပြန်လည် ဖန်တီးပေးထားခြင်း ဖြစ်ပါသည် ။

## အခန်း (၁)

နှစ်ထောင့် ကိုးခုနှစ်တွင် ရှမ်းပြည်နယ်၊ မိုင်းဆက်မြို့လေးသည် မဖွံ့ဖြိုးသေးပေ။ သူပုန်များ သောင်းကျန်းသောကြောင့် ရွာသူ၊ ရွာသားများ လွတ်လပ်စွာ သွားလာခြင်း မရခဲ့။ မိုင်းဆက်မြို့တွင် သောင်းကျန်းနေသော သူပုန်များကို နှိမ်နင်းရန်အတွက် စစ်တပ်အဖွဲ့ဝင်များ ရောက်လာခဲ့သည် ။

သူပုန်များ လက်ချက်ကြောင့် တပ်သားများ ကျရှုံးခဲ့ရ၏။ ထို့ကြောင့် တပ်သားများ ဖြည့်တင်းရန်အတွက် တပ်မှူးကြည်ထွန်း ဦးဆောင်သောအဖွဲ့သည် မိုင်းဆက်မြို့လေးသို့ တာဝန် ထမ်းဆောင်ရန်အတွက် ချီတက်ခဲ့ရသည် ။ ကြည်ထွန်းနှင့် အတူ တပည့်အရင်းဖြစ်သော တပ်သားကျော်ရဲ အပါအဝင် အားလုံး ဆယ်ယောက်ခန့် ဖြစ်၏။

စကားပြော ကြမ်းတမ်းသော တပည့်ရင်း ဖြစ်သူအား မှာ စရာရှိသည် များကို လမ်းများ တွင် မှာ ရမည် ဖြစ်သည် ။ အရှက်ကြီးသော ကျော်ရဲသည် သဘောကောင်းသလို စိတ်ဆတ်တတ်၏။

"ကျော်ရဲ မင်းပိုရောက်ရင် ထင်တာတွေကို မပြောနဲ့ ဒေသချင်း နေရာချင်းက တူတာ မဟုတ်ဘူး ။ ရွာသားတွေနဲ့ လည်း အဆင်ပြေအောင် နေ ကြားလား"

"ငါ့ဆရာရယ် ဒီစကားတွေကို စခန်းတစ်ခါပြောင်းရင် ပြောနေကျပဲ ။ မှတ်မိပါတယ် ... ဟဲ"

တပည့်နှင့် ဆရာဖြစ်သော်လည်း ညီအစ်ကိုတွေလို နေကြခြင်းဖြစ်သည် ။ ပြောစရာ ရှိသည် များကို တစ်ယောက်နှင့် တစ်ယောက် အားမနာစတမ်း ပြောတတ်ကြ၏။

"မှတ်မိရင် ပြီးတာပဲ။ နောက်မှ တလွဲတွေ လျှောက်မလုပ်နဲ့ " ဟု ပြောကာ ဖတ်လက်စ ပဉ္စာန်းစာအုပ်ကို ဆက်ဖတ်နေတော့သည် ။

***